# စင်ကာပူ နိုင်ငံခြားရေးဝန်ကြီး His Excellency Dr. Vivian Balakrishnan ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံ နိုင်ငံခြားရေးဝန်ကြီးများအကြား ပူးတွဲသတင်းစာရှင်းလင်းပွဲ

## သတင်းမီဒီယာများသို့ အသိပေးချက်

၁။ စင်ကာပူနိုင်ငံခြားရေးဝန်ကြီး ဒေါက်တာ ဗီဗီယန် ဘာလာခရစ်ရှ်နန် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့သည် ၂၀၁၆ခုနှစ်၊ မေလ ၁၇ ရက်နေ့မှ ၁၉ ရက်နေ့အထိ မြန်မာနိုင်ငံသို့ ချစ်ကြည်ရေးခရီး လာရောက်မည် ဖြစ်ပါသည်။

၂။ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးနှင့် စင်ကာပူနိုင်ငံခြားရေးဝန်ကြီး တို့သည် ၁၈-၅-၂၀၁၆ရက်နေ့၊ (၀၉:၃၀)နာရီတွင် နိုင်ငံခြားရေးဝန်ကြီးဌာနရှိ ပြည်ထောင်စုဝန်ကြီး၏ ညှိခန်းမ၌ တွေ့ဆုံ၍ တွေ့ဆုံမှုအပြီး (၁၀:၀၀)နာရီတွင် နှစ်နိုင်ငံနိုင်ငံခြားရေးဝန်ကြီး တို့သည် ပူးတွဲသတင်းစာရှင်းလင်းပွဲတစ်ရပ် ကျင်းပမည် ဖြစ်ပါသည်။ ယင်းသို့ ကျင်းပရာတွင် နိုင်ငံခြားရေးဝန်ကြီးနှစ်ဦး တို့က (၄-၅)မိနစ်ခန့်စီ ဦးစွာ ရှင်းလင်းပြောကြားမည် ဖြစ်ပြီး၊ အမေးအဖြေကဏ္ဍကို ဆက်လက် ပြုလုပ်သွားမည် ဖြစ်ပါသည်။

၃။ အမေးအဖြေကဏ္ဍတွင် အချိန်ကန့်သတ်မှုကြောင့် နိုင်ငံခြားရေးဝန်ကြီးနှစ်ဦးတို့ အနေဖြင့် မြန်မာမီဒီယာဘက်မှ နှစ်ဦး၊ စင်ကာပူမီဒီယာဘက်မှ နှစ်ဦး၊ တစ်ဦးလျှင် မေးခွန်း (၁)ခုစီ ဖြင့် စုစုပေါင်း (၄)ခုကို ဖြေကြားသွားရန် ရှိပါသည်။ မေးခွန်းများကို တိုတိုနှင့် လိုရင်း မေးမြန်းကြရန် မေတ္တာရပ်ခံအပ်ပါသည်။

၄။ စင်ကာပူနိုင်ငံခြားရေဝန်ကြီး၏ ယခုခရီးစဉ်သည် နှစ်နိုင်ငံသံတမန် ဆက်ဆံရေး ထူထောင်သည့် နှစ်(၅၀)ပြည့် အထိမ်းအမှတ်အဖြစ် လာရောက်ခြင်းဖြစ်ပြီး၊ မြန်မာနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့အကြား ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး မြှင့်တင်ရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်ရေး၊ လူ့သားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု၊ နှစ်နိုင်ငံသာမန်နိုင်ငံကူးလက်မှတ် ကိုင်ဆောင်သူများအကြား ပြည်ဝင်ဗီဇာကင်းလွတ်ခွင့်ကိစ္စ၊ မြန်မာ-စင်ကာပူ အသက်မွေးမှု သင်တန်းကျောင်း ကိစ္စရပ်များကို ဆွေးနွေးသွားဖွယ် ရှိပါသည်။

* * * * * *